# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃ - ၉ - ၂၀၁၁ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ၏ **တရားစီရင်ရေးကဏ္ဍတွင် သန့်ရှင်းရေးအတွက် မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေတို့ကို တိတိကျကျ ကျင့်သုံးမှု ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ကချင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝလုံခြုံရေးနှင့် ဒေသအတွင်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကို လွတ်လပ်စွာရောင်းဝယ်ခွင့် ရှိ/မရှိနှင့် စစ်ဆေးရေးဂိတ်များမှ ငွေကောက်ခံနေခြင်းကို ဟန့်တားပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဇာယာဒ်ရော်မံ(ခ)ဦးဒွေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **နယ်စပ်ဒေသများတွင် နေထိုင်လျှက်ရှိသည့် ဉာဏ်ရည်ထက်မြက်သော ကျောင်းသားကျောင်းသူများအား အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် ကျောင်းသားဦးရေ ခွဲတမ်းစနစ် (Student Quota System) ဖြင့် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ရောက် ပညာသင်ခွင့်ပြုသည့် စနစ်သစ်တစ်ခု ဖော်ဆောင်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအဖွဲ့ချုပ်၊ တောင်သူလယ်သမားအဖွဲ့အစည်းစသည့်အဆင့်ဆင့်သော အဖွဲ့အစည်းများကို ဖွဲ့စည်းပေးရန် သင့် မသင့်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပြည်ထောင်စုအစိုးရအနေဖြင့်တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစု ခေါင်းဆောင်များနှင့် တစ်ချိန်တည်း တွေ့ဆုံဆွေးနွေးခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ရောဝတီမြစ်ရေတင်စီမံကိန်း(ကျောဇီ)၊ဆင်တဲဝ(သမက္ကု)ဆည်တူးမြောင်းမကြီးမှ ရေတင်လုပ်ငန်း(ချောင်းဆုံ)နှင့် ဝဲလောင်ဆည်တူးမြောင်းမကြီးမှ ရေတင်လုပ်ငန်း(ကန်နီ)တို့အတွက် ရေသောက်တူးမြောင်းစနစ်ပီပြင်စွာ ဆောင်ရွက်ပေးမည့်အစီအမံ နှင့်ရေပေးဝေမည့် အခြေအနေကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်းကုန်းနှင့် ဆိတ်ကျွန်း ရေထိန်းတံခါးတို့၏ အောက်ဖက်ရေဆင်းလမ်းကြောင်း တိမ်ကောလာသည့်အတွက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းအား မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ကျိုက္ကသာကျေးရွာမှ ကော့ထင်းကျေးရွာအထိ ရေငံတား(တာတမံ)တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဋ ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကြံခင်းမြို့နယ်၊ ကွန်ချောင်းတမံ ရေချပေါက်များ၌ အသေးစားရေအားလျှပ်စစ်တာဘိုင်စက်များ ထိုင်၍ ဆက်စပ်ကျေးရွာများသို့ မီးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဌ ) ဦးဇော့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပလက်ဝမြို့နယ်တွင် GSM ၊ CDMA ကဲ့သို့ အဝေးအနီး ဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးစနစ် ကိရိယာတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဍ ) ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောင်ပေါ်ဒေသများကို GSM Mobile ဖုန်းကွန်ယက် လွှမ်းခြုံမှုပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဎ ) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာ့ဆက်သွယ်ရေးဌာန ကြိုးဖုန်းများသည် ဆက်သွယ်ရေး ပြတ်တောက်မှုများ မကြာခဏကြုံတွေ့နေရခြင်းကို မည်သည့်နည်းဖြင့် အမြန်ဆုံး ဆက်သွယ်ရရှိအောင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လိုင်းဖုန်းများအား ကြိုတင်သတိပေးစနစ်နှင့် ငွေသွင်းပြီးပါကတစ်နာရီအတွင်း ပြန်လည်ဖွင့်ပေးနိုင်သောစနစ် ကျင့်သုံးပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( တ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မည့် ရေရှည်ရေတို ဖွံ့ဖြိုးရေး စီမံကိန်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ထ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပလက်ဝမြို့ အရှေ့ဘက်ကမ်းရှိ ရုပ်ဝ၊ မီးလက်ဝကျေးရွာနှင့် သစ်တောကြိုးဝိုင်းမှ တစ်ချို့တစ်ဝက်ကို မြို့ဧရိယာတွင် ထည့်သွင်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဒ ) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **မိမိအစိုးရအား ယုံကြည်အားကိုး၍ လာရောက်ခိုလှုံနေကြသော ပြည်သူများကို နိုင်ငံတော် အစိုးရအနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဓ ) ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **တီးတိန်မြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( န ) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာပြည် တစ်ဝှမ်း မီးသတ်ဌာနများတွင် ပေးထားသော မီးသတ်ယာဉ် ဟောင်းကြီးများအား ဖျက်သိမ်းပြီး ခေတ်စနစ်နှင့် လျော်ညီသော မီးသတ်ယာဉ်ဖြင့် ပြောင်းလဲ ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။